ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၁၂၅ / ၂၀၂၂

၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက်

( ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၈ ရက် )

**ဒေသတွင်းလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း**

၁။ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ၏လုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် **"ဒေသတွင်းလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဥက္ကဋ္ဌ<br>ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | ဒုတိယဥက္ကဋ္ဌ |
| (ဃ) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယဝန်ကြီး<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဈ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယဝန်ကြီး<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒုတိယဝန်ကြီး<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒုတိယဝန်ကြီး<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ဒုတိယဝန်ကြီး<br>ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဒ) | ဒုတိယဝန်ကြီး<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဓ) | အဖွဲ့ဝင်( ၂ )<br>ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (န) | အမြဲတမ်းအတွင်းဝန်<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ပ) | အတွင်းရေးမှူး<br>ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | တွဲဖက်အတွင်းရေးမှူး |

၂။ ဒေသတွင်းလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ရခိုင်ပြည်နယ်အတွင်း အသက်မွေးဝမ်းကျောင်းရပ်တည်ရေးအတွက် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအား ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရန် လိုအပ်သည့် လုပ်ထုံးလုပ်နည်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပေါင်းစပ်ညှိနှိုင်းရေးဆွဲ၍ "ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ" သို့ တင်ပြဆောင်ရွက်သွားရန်၊

(ခ) ဒေသတွင်းပြည်သူများ အလုပ်အကိုင်တိုးတက်ရရှိစေရန် အသေးစား၊ အလတ်စား၊ စက်မှုကုန်ထုတ်လုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများ စသည်တို့ကို ကဏ္ဍအလိုက် ဖော်ထုတ်ပေးခြင်း၊ ပြင်ပစီးပွားရေးလုပ်ငန်းရှင်များနှင့် ဆက်စပ်လုပ်ကိုင်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍ "ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ"သို့ တင်ပြဆောင်ရွက်သွားရန်၊

(ဂ) ရခိုင်ပြည်နယ်အတွင်း ပြန်လည်နေရာချထားသည့်နေရာဒေသများ ဝင်/ ထွက်သွားလာရန်၊ အုပ်ချုပ်ထောက်ပံ့မှုကိစ္စများဆောင်ရွက်ရန်၊ လုံခြုံရေးနှင့် အရေးပေါ်အခြေအနေသွားလာနိုင်ရန်အတွက် လက်ရှိအသုံးပြုနိုင်သည့် ပင်မဆက်သွယ်ရေးလမ်းကြောင်းကိုဗဟိုပြု၍ ကျေးရွာချင်းဆက်သွယ်မည့် လမ်းကွန်ယက်များကို ပွင့်လင်းရာသီအတွင်း ဆောင်ရွက်နိုင်ရန်နှင့် ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းလမ်းနှင့် ဖုန်းဆက်သွယ်ရေးစနစ်များ၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကိစ္စများကို အရှိန်အဟုန်မပြတ်ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍ "ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ" သို့ တင်ပြဆောင်ရွက်သွားရန်၊

(ဃ) ရခိုင်ပြည်နယ်အတွင်းလူမှုစီးပွားဆိုင်ရာကိစ္စရပ်များ၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများအရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန်နှင့် အလျင်အမြန်ဖွံ့ဖြိုးလာစေရေး စီမံချက်ရေးဆွဲဆောင်ရွက်ရန်၊ (စီမံချက်ရေးဆွဲရာတွင် ထိခိုက်လွယ်အုပ်စုများ၊ အထူးကာကွယ်စောင့်ရှောက်မှုပေးရန် လိုအပ်သူများအတွက် လိုအပ်သော အစီအမံများထည့်သွင်းရေးဆွဲရန်)

(င) ပြည်နယ်အတွင်းရှိ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန် ရေတို/ရေရှည်စီမံချက်များရေးဆွဲတင်ပြသွားရန်၊

(စ) ပြည်နယ်အတွင်းရှိ လူ့အဖွဲ့အစည်းများအကြား လူမှုသဟဇာတဖြစ်ရေးကို ဦးတည်သည့် အလုပ်အကိုင်အခွင့်အလမ်းများပိုမိုဖြစ်ထွန်းအောင် ဆောင်ရွက်ရန်နှင့် အခြေခံစားနပ်ရိက္ခာဖူလုံစေရေးဆောင်ရွက်ရန်၊ (ဥပမာအားဖြင့် စိုက်ပျိုးရေးကဏ္ဍနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအတွက် ပံ့ပိုးပေးခြင်း၊ အသေးစားစက်မှု လုပ်ငန်းများ ထူထောင်ခြင်း၊ စက်မှုလယ်ယာဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ခြင်း)

(ဆ) တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးမှသည် စီးပွားဖြစ်စိုက်ပျိုးမွေးမြူနိုင်သည်အထိ အသိပညာ၊ နည်းပညာပေးခြင်းများဆောင်ရွက်ပေးရန်၊

(ဇ) လတ်တလောတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ငါး၊ ပုဇွန်လုပ်ငန်းများ ဆောင်ရွက်ပြီး ရေရှည်လူမှုဘဝရပ်တည်နိုင်သည့် ဝင်ငွေရရှိမည့်နည်းလမ်းများ ရှာဖွေဆောင်ရွက်ပေးရန်၊

(ဈ) စိုက်ပျိုးမွေးမြူရေး၊ အခြေခံနှင့် အဆင့်မြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်နှင့် ပြည်တွင်း၊ ပြည်ပတင်ပို့နိုင်ရေးဆောင်ရွက်သွားရန်၊

(ည) စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ရခိုင်ပြည်နယ် လူမှုဘဝမြင့်မားရေးကို အခြေခံသော စီးပွားရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ရန်၊

(ဋ) အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ကြားမှုရပ်တန့်နေသည့် ကျောင်းသားများအား စဉ်ဆက်မပြတ်ပညာရေးအစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ပေးရန်၊

(ဌ) ကျောင်းပြင်ပပညာရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော နိုင်ငံတကာ အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်တွင်းလူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်း၍ စဉ်ဆက်မပြတ် ပညာသင်ယူနိုင်ရေးဖော်ဆောင်ရန်၊

(ဍ) ပြည်နယ်အတွင်းရှိ မြို့နယ်အလိုက်ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို လက်လှမ်းမီစေရန်အတွက် ကျန်းမာရေးဌာနများ၊ ကျန်းမာရေးဌာနခွဲများ ဖွင့်လှစ်ခြင်း၊ အဆင့်တိုးမြှင့်ခြင်း၊ သားဖွားဆရာမများခန့်ထားခြင်း၊ မိခင်နှင့် ကလေး စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန်၊

(ဎ) ပုဂ္ဂလိကကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများပေါ်ပေါက်စေရေး အားပေးကူညီဆောင်ရွက်စေရန်၊

(ဏ) ယာယီကယ်ဆယ်ရေးစခန်းများ၌ ကူးစက်ရောဂါများနှင့် ကူးစက်ခြင်းကြောင့် မဟုတ်သောရောဂါများကာကွယ်ရေးအတွက် ပညာပေးလုပ်ငန်းများ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရန်၊

(တ) ကာလကြာရှည်စွာဆင်းရဲနွမ်းပါးမှုသည် ပဋိပက္ခဖြစ်ပွားမှု၏ အဓိကအကြောင်းအရင်းတစ်ချက်ဖြစ်ရာ လူမှုစီးပွားဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများတွင် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများအနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်အတူ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်များကိုပါ တစ်ပြိုင်နက်တည်း အကောင်အထည်ဖော်နိုင်ရေး ညှိနှိုင်းစီမံဆောင်ရွက်သွားရန်၊

၂။ နိုင်ငံတော်သမ္မတရုံး၏ ၃၀ - ၅ - ၂၀၁၆ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၂၄/၂၀၁၆ နှင့် ၅ - ၂ - ၂၀၁၉ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၂၀/၂၀၁၉ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ